# COVID-19

## HAWAI'I STATE DEPARTMENT OF HEALTH

## သင်နှင့် အနီးကပ်ထိတွေ့ခဲ့သူများအား ဖော်ထုတ်ခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်း

**အနီးကပ်ထိတွေ့ခဲ့သူ** ဆိုသည်မှာ ကာကွယ်ဆေး ထိုးပြီးဖြစ်စေ မထိုးပြီးဖြစ်စေ COVID-19 ရောဂါနှင့် ထိတွေ့မှုရှိခဲ့သူကို ဆိုလိုပါသည်။

10 ရက်တိတိ ဂရုပြုနေထိုင်ပြီး သီးခြားနေထိုင်ခြင်းနှင့် ရောဂါနှင့်ထိတွေ့မှုဆိုင်ရာ လမ်းညွှန်ချက် ကို လိုက်နာပါ။ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နှစ်ဦးစလုံးသည် နှာခေါင်းစည်းများ တပ်ခဲ့သည့်တိုင် အဆိုပါလူပုဂ္ဂိုလ်ကို အနီးကပ်ထိတွေ့ခဲ့သူဟု ယူဆရမည်ဖြစ်ပါသည်။

### နောက်ထပ် အချက်အလက်

လူပုဂ္ဂိုလ်တစ်ဦးဦးသည် COVID-19ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့မှုရှိခဲ့သည့် ကြာချိန်၊ မည်မျှ နီးနီးကပ်ကပ်ရှိမှု၊ ၎င်းတို့ ထိတွေ့မှုရှိခဲ့သည့်နေရာ (ဥပမာ- အဆောက်အဦးတွင်း သို့မဟုတ် အဆောက်အဦးပြင်ပ)၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေ၊ ယခင် COVID-19 ရောဂါကူးစက်ခံရမှု အခြေအနေနှင့် တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများ အသုံးပြုခြင်း (ဥပမာ- နှာခေါင်းစည်း အသုံးပြုမှု) စသည်တို့ အပါအဝင် အကြောင်းခြင်းရာများစွာတို့သည် လူတစ်ဦး၏ COVID-19 ရောဂါနှင့် ထိတွေ့မှုအန္တရာယ် အပေါ် သက်ရောက်မှုရှိသည်။

နှာခေါင်းစည်းများကို မှန်မှန်ကန်ကန်နှင့် အချိန်ပြည့် အသုံးပြုခြင်းဖြင့် လူအများသည် မိမိကိုယ်တိုင်နှင့် အခြားသူများအား ကာကွယ်ပေးနိုင်ပြီး COVID-19 ရောဂါနှင့် ထိတွေ့မှုအန္တရာယ်ကို လျှော့ချနိုင်ပါသည်။

### အကြောင်းကြားရန်လိုအပ်သည့် အနီးကပ်ထိတွေ့ခဲ့သူများစာရင်းကို ပြုလုပ်ပါ

- သင်နှင့်အတူ မည်သူနေထိုင်သနည်း။
- သင်၏ မိသားစုနှင့်ဆွေမျိုးများအနက် မည်သူနှင့်အတူ သင်ရှိနေခဲ့သနည်း။
- သင်သည် အလုပ် သို့မဟုတ် ကျောင်းသို့ သွားခဲ့သလား။
- သင်သည် မကြာသေးမီက အခြားသူများနှင့်အတူ ရှိနေခဲ့သလား။
    - စားသောက်ဆိုင်၊ အရက်ဆိုင်၊ ကလပ် သို့မဟုတ် အခြားတစ်နေရာရာတွင် အစားအစာများ နှင့်/သို့မဟုတ် သောက်စရာများ သုံးဆောင်ခဲ့သလား။
    - အခြားသူများနှင့်အတူ လေ့ကျင့်ခန်းပြုလုပ်ခဲ့သလား သို့မဟုတ် အားကစားခန်းမ သို့မဟုတ် အားကစားလေ့ကျင့်ရာနေရာသို့ သွားရောက်ခဲ့သလား။
    - သင့်အိမ်တွင် သင့်မိသားစုကိုဖြစ်စေ မိတ်ဆွေများကိုဖြစ်စေ လက်ခံတွေ့ဆုံခဲ့သလား သို့မဟုတ် မိသားစုဝင်တစ်ဦးဦး၏ အိမ်သို့ဖြစ်စေ မိတ်ဆွေများ၏အိမ်သို့ဖြစ်စေ သွားရောက်လည်ပတ်ခဲ့သလား။
    - ပါတီပွဲတစ်ခုခုဖြစ်စေ အခြားလူမှုရေးဆိုင်ရာ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ တွေ့ဆုံပွဲတစ်ခုခုကို တက်ရောက်ခဲ့သလား။
- သင်သည် လူကိုယ်တိုင် တွေ့ဆုံရသည့် ချိန်းဆိုမှုများ (ဥပမာ- အလှပြင်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ဆရာဝန်၊ သွားဆရာဝန်) သို့ သွားရောက်ခဲ့သလား။
- သင်သည် အခြားသူများနှင့်အတူ ကားစီးခဲ့သလား သို့မဟုတ် အများသုံး သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုခဲ့သလား။
- သင်သည် ဝတ်ပြုရာနေရာတစ်ခုခု (ဥပမာ- ဘုရားကျောင်း) တွင် ဆုတောင်းပွဲ သို့မဟုတ် အခမ်းအနားတစ်ခုခုကို တက်ရောက်ခဲ့သလား။

### သင့်အနားရှိနေခဲ့သူများအား ၎င်းတို့သည် COVID-19 ရောဂါနှင့် ထိတွေ့မှုရှိနေနိုင်ကြောင်း အသိပေးပါ

သင်နှင့်ထိတွေ့ခဲ့သူများကို ဖုန်းခေါ်ဆိုခြင်း၊ ဖုန်းစာတိုပို့ခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်း သို့မဟုတ် အီးမေးလ်ပေးပို့ခြင်းများ ပြုလုပ်နိုင်ပါသည်။ ဆက်သွယ်ပါ။ သင်နှင့် အနီးကပ်ထိတွေ့ခဲ့သူများသို့ အမည်မဖော်လိုဘဲ အီးမေးလ်များ သို့မဟုတ် ဖုန်းစာတိုများ ပေးပို့ရန် ပို၍စိတ်အားထက်သန်ပါက Tell Your Contacts (သင်နှင့်ထိတွေ့ခဲ့သူများကို အကြောင်းကြားပါ) ဝက်ဘ်ဆိုက်ကို အသုံးပြုပါ။

### သင်နှင့်ထိတွေ့သူများကို ပြောဆိုရမည့် အကြောင်းအရာ

*"မင်္ဂလာပါ။ အရေးကြီးတဲ့ ကိစ္စလေးတစ်ခု ပြောချင်လို့ပါ။ အေးအေးဆေးဆေး နှစ်ယောက်ထဲ စကားပြောဖို့ အချိန်နည်းနည်း ပေးနိုင်မလား။ ကိုယ် COVID-19 ရောဂါကူးစက်ခံထားရတယ်လို့ (ရက်စွဲ) မှာ သိခဲ့ရတယ်။ ကိုယ်တို့တွေ (ရက်စွဲ) နေ့က အတူတူရှိခဲ့တယ်ဆိုတော့ မင်းမိသားစုနဲ့ တခြားလူတွေကို ကာကွယ်နိုင်အောင် မင်းကိုယ်မင်း ဆေးစစ်ကြည့်နိုင်ဖို့ ကိုယ်အသိပေးတာပါ။ ကာကွယ်ဆေးထိုးပြီးဖြစ်စေ မထိုးပြီးဖြစ်စေ မင်းအနေနဲ့ COVID-19 ရောဂါကူးစက်ခံထားရတယ်ဆိုရင် အခြားသူများနဲ့ သီးခြားနေထိုင်သင့်တယ်။ မင်းနေထိုင်မကောင်းဖြစ်နေပြီး မင်းကိုမင်း COVID-19 ရောဂါကူးစက်ခံထားရတယ်လို့ သံသယရှိရင်လည်း ဆေးစစ်ချက် အဖြေမထွက်သေးရင်တောင်မှ သီးခြားနေထိုင်သင့်တယ်။ အိမ်မှာပဲ အနည်းဆုံး 5 ရက်နေပါ၊ 10 ရက်တိတိ တခြားသူတွေအနား ရှိတဲ့အချိန်တိုင်း မျက်နှာနဲ့အံဝင်ခွင်ကျဖြစ်တဲ့ နှာခေါင်းစည်းကို တပ်ဆင်ပါ၊ ရောဂါလက္ခဏာတွေကို စောင့်ကြည့်စစ်ဆေးပါ၊ ရောဂါနဲ့ ထိတွေ့မှုရှိပြီး 5 ရက်အကြာမှာ ဆေးစစ်မှုခံယူပါ။ မင်းမှာမေးစရာ မေးခွန်းတွေရှိတယ်ဆိုရင် Hawai'i ပြည်နယ် ကျန်းမာရေးဌာန ရဲ့ ဝက်ဘ်ဆိုက်မှာ အမေးများတဲ့ မေးခွန်းတွေနဲ့ စာအရင်းအမြစ်တွေ ရှိပါတယ်။"*



*ပြင်ဆင်ရေးသားသည့်ရက်စွဲ စက်တင်ဘာလ 28 ရက်၊ 2022 ခုနှစ်*